# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 9 , 2024 | Volume 75, Number 7


၉.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၃ US$ |
| မြန်မာ့ရွှေဈေး | = ၃၈၂၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၁၂ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၂.၃ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၉.၄ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၆၆.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၄၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com



CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မြင်းမူမြို့နယ်တွင် ဆိတ်မွေးမြူရေးလုပ်ငန်းက အကျိုးအမြတ်ပိုမိုရရှိသည့်အတွက် မွေးမြူသူများလာ



စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံများအနေဖြင့် ဆိတ်မွေးမြူရေးလုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ်များပိုမိုရရှိနေကြောင်း ဆိတ်မွေးမြူသူများထံမှ သိရသည်။

မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ကျွဲ ၊ နွားနှင့်ကြက်များကဲ့သို့ပင် ဆိတ်မွေးမြူခြင်းလုပ်ငန်းကို တစ်ပိုင်တစ်နိုင် စမ်းသပ်မွေးမြူခြင်းဖြစ်ပြီး ဝယ်လက်များအသင့်ရှိကြောင်းလည်း သိရသည်။

လက်ရှိကာလတွင် ဆိတ်မဒါန်းတစ်ကောင် ငွေကျပ် (၆၀,၀၀၀)ဖြင့် စတင်ဝယ်ယူခဲ့ပြီး (၃)လအကြာ မွေးမြူပြီးပါကဆိတ်(၁)ကောင် စတင်ပေါက်ဖွားပြီး ဆိတ်မကြီးအရွယ်ရောက်ပါက (၁)နှစ်လျှင် (၂)သားမှ(၃)သားအထိ ပေါက်ဖွားကာ (၁၀)ကောင်ထားရှိပြီး မွေးမြူပါက တစ်နှစ်လျှင် ဆိတ်ကောင်ရေ (၃၀)အနည်းဆုံး ရရှိကြောင်း သိရသည်။

လက်ရှိတွင် ဆိတ်သား တစ်ပိသာ ငွေကျပ် ၂၀၀၀၀ကျော်ရှိပြီး အရှင်ဈေးမှာ အလေးချိန်ပေါ်မူတည်ကာ (၁) ကောင်လျှင် အနည်းဆုံး ငွေကျပ်(၁)သိန်းခန့်ရရှိကြောင်း သိရသည်။

ထို့ပြင်ဆိတ်ချေးကို စွန့်ပစ်ရန်မလိုဘဲ စိုက်ပျိုးရေးလုပ်ကိုင်နေသည့် ခြံများက လှည်း(၁)စီးလျှင် ငွေကျပ် (၂၅,၀၀၀) ပေးကာ ရသလောက်ဝယ်ယူလျက်ရှိရာ အပိုဝင်ငွေလည်းရရှိသည့်အတွက် ဆိတ်မွေးမြူခြင်း လုပ်ကိုင်သူများပြားလာကြောင်း သိရသည်။

**Source: commerce.gov.mm**

## ပဲစင်းငုံ၊ မတ်ပဲနှင့် မြေထောက်ပဲများ ဈေးအနည်းငယ်ကျဆင်းသွားသော်လည်း အမြင့်တန်းအတိုင်းသာရှိနေ




ပို့ကုန်ပဲများ စံချိန်တင်ပေါက်ဈေးကနေ ဈေးအနည်းငယ်ကျဆင်းမှု ရရှိသော်လည်း အရောင်းအဝယ်ဈေးကွက်မှာ အရောင်းအဝယ်ကောင်း နေကြောင်း လက်ရှိပေါက်ဈေးများမှာ အမြင့်ဈေးတန်းအတိုင်း ရှိနေတာကြောင့် တောင်သူများအဆင်ပြေနေကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့်မြေထောက်ပဲတို့မှာ စံချိန်တင်ပေါက်ဈေးများ ဖြစ်ခဲ့သော်လည်း ယခုသီတင်းပတ်တွင် ပို့ကုန်ပဲများ တစ်အိတ်ငွေကျပ် ၂၀,၀၀၀ ခန့်ထိ ဈေးကျဆင်းသွားကြောင်း အလားတူ အသစ်ဝင်ပြည်တွင်းသုံးကုလားပဲများလည်း လိုက်ပါဈေးကျသွားကြောင်း၊ တရုတ်နှစ်သစ်ကူးပိတ်ရက်များဖြစ်တာကြောင့် တရုတ်လိုင်းအဝယ်များသည့် မြေပဲဆန်နှင့်နှမ်းမျိုးစုံမှာလည်း ဈေးကျဆင်းနေခြင်းဖြစ်ကြောင်း၊ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းမှုရှိနေသော်လည်း လက်ရှိပေါက်ဈေးများမှာ အမြင့်ဈေး များသာဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

ပို့ကုန်ပဲတွေက စံချိန်တင်ဈေးမြင့်တက်နေရာကနေ ဈေးပြန်ကျဆင်းလာပါတယ်။ ပဲစင်းငုံ၊ က ဇန်နဝါရီ ၆ ရက်နေ့ထိ အမြင့်ဈေး တစ်အိတ်ငွေကျပ် ၄,၀၄,၀၀၀ ထိပေါက်ဈေးရှိပေမဲ့ ဇန်နဝါရီ ၈ ရက်နေ့တွင် တစ်အိတ် ငွေကျပ် ၃,၈၂,၀၀၀ ထိဈေးကျဆင်းသွားပါတယ်။ မတ်ပဲကလည်း တစ်အိတ်ငွေကျပ် ၃,၃၀,၀၀၀ ထိပေါက်ဈေးထိ တက်သွားပြီးမှ ဒီနေ့မှာ ၃၁၀၀၀၀ လောက်ထိဈေးကျဆင်းနေပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံက တစ်အိတ် ငွေကျပ် ၂၀,၀၀၀ ခန့်ဈေးကျဆင်းသွားတာပါ။ မြေထောက်ပဲလည်း တစ်အိတ် ၄,၀၅,၀၀၀ ထိပေါက်ဈေးဖြစ်သွားတာကနေ လက်ရှိမှာငွေကျပ် ၃,၉၅,၀၀၀ ထိဈေးကျသွားပါတယ်။ ပြည်တွင်းသုံး ကုလားပဲတွေလည်း လိုက်ပါဈေးကျသွားပါတယ်။ ကုလားပဲတွေက အသစ်ဝင်ရောက်နေပေမဲ့ ပမာဏနည်းပါသေးတယ်။ ပြည်တွင်းသုံးပဲမာလိုင်းတွေကတော့ အမြင့်ဈေးတွေအတိုင်းရှိနေပါတယ်။ ပဲအရောင်းအဝယ်ဈေးကွက်မှာ ပို့ကုန်ပဲတွေမှာပဲ ငွေလည်းပတ်နေတာရယ်။ ဒီသီတင်းပတ်က ဘဏ်ပိတ်ရက်များတော့ အရောင်းအဝယ်က အေးနေနိုင်ပါတယ်။ မြေပဲဆန်ကလည်း အရောင်းအဝယ်ကောင်းလာပေမဲ့ ဈေးအေးနေပါတယ်။ တရုတ်နှစ်သစ်ကူးပိတ်ရက်တွေက အရောင်း အဝယ်ပါးလေ့ရှိပါတယ်။ ပဲနှမ်းဈေးကွက်မှာ ပို့ကုန်ပဲတွေရော အသစ်ဝင်ပဲတွေရော အမြင့်ဈေးအတိုင်းတော့ ဆက်လက် ရှိနေမှာပါ”ဟု ၎င်းကပြောသည်။

ဖေဖော်ဝါရီ ၈ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၁၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃,၈၃,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂,၀၀,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ်ဈေးကျဆင်းနေပြီး ဖေဖော်ဝါရီ ၈ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃,၁၂,၀၀၀ ကုလားပဲ V7 တစ်အိတ်လျှင်ငွေကျပ် ၃,၂၀,၀၀၀ ၊ထိုင်ဝမ်ကုလားပဲတစ်အိတ် ငွေကျပ် ၂,၈၀,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၇,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃,၉၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄,၈၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၉၅,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၆၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၆၀,၀၀၀၊ မြေပဲအနီလုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၈၇၀၀-၈၉၀၀ ပေါက် ဈေး မြင့်တက်လာသည်။

ဖေဖော်ဝါရီ ၈ ရက်တွင် နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄,၀၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃,၁၅,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၃,၉၀,၀၀၀ အသီးသီး ပေါက်ဈေးမြင့်တက်လာကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ယခုနှစ် ဇန်နဝါရီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှု မက်ထရစ်တန်ချိန် ၂၁ သိန်းကျော် တင်ပို့ထားနိုင်သော်လည်း တင်ပို့မှုလျော့ကျနေဆဲဖြစ်

ယခုနှစ် ဇန်နဝါရီလအတွင်း ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့မှု မက်ထရစ်တန်ချိန် ၂၁ သိန်းကျော် တင်ပို့ထား နိုင်သော်လည်း တင်ပို့မှုလျော့ကျနေဆဲဖြစ်ကြောင်း သိရသည်။

သို့သော် ယခုဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီလမှာ ဆန်တင်ပို့မှု အမြင့်ဆုံးဖြစ်ပြီး ဆန်နှင့်ဆန်ကွဲတင်ပို့ခြင်းကို ပြည်တွင်းကုမ္ပဏီ ၇၀ ကျော် မှ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါကုမ္ပဏီများက ဆန်တန်ချိန် ၁,၃၇,၁၄၄ တန် နှင့် ဆန်ကွဲတန်ချိန် ၇၆,၄၆၁ တန် အသီးသီးတင်ပို့ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ် ကာလတူက ဆန်ကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီလမှာတော့ တရုတ်နိုင်ငံသို့ တင်ပို့မှုလျော့ကျခဲ့ကာ အင်ဒိုးနီးရှားနိုင်ငံသို့ အများဆုံး တင်ပို့နိုင်ခဲ့ကြောင်းလည်းသိရသည်။

"ဇန်နဝါရီလက တင်ပို့မှုမြင့်တက်လာတယ်လို့ပြောရမယ်။ ဒါပေမဲ့ ဆန်နဲ့ဆန်ကွဲ တင်ပို့မှုကတော့ ကျနေဆဲပဲ။ ပြည်ပဆန် တင်ပို့မှု လျော့နည်းကျဆင်းလာတာက ပို့ကုန်ဆိုင်ရာ မူဝါဒအားနည်းချက်နဲ့ ပြည်တွင်းဆန်ဈေး ကြီးမြင့်နေတာတွေလဲ ပါမယ် ထင်တယ်။ တရုတ်နိုင်ငံဆို သိသိသာသာကျသွားတယ်"ဟု ဆန်ကုန်သည်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံကနေ ပြည်ပကို ဆန်နဲ့ ဆန်ကွဲ တင်ပို့ရောင်းချမှုအနေဖြင့် ၂၀၂၃ ခုနှစ် ဧပြီလကနေ ၂၀၂၄ ခုနှစ် ဇန်နဝါရီအထိ ၁၀ လအတွင်း စုစုပေါင်းတန်ချိန် ၁ ဒသမ ၁ သန်းကျော်သာရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အရင်နှစ် အလားတူကာလတူ ဖြင့် နှိုင်းယှဉ်ပါက တန်ချိန် ၇,၄၀,၀၀၀ ကျော် လျော့ကျခဲ့ကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းဆန် ဖူလုံမှု၊ ပိုလျှံမှုကအမှန်တကယ်ရှိသောကြောင့် ပြည်သူများစိုးရိမ်ဖို့မလိုအပ်ကြောင်း၊ ပြည်သူတွေ အနေဖြင့် ဆန်စပါးဝယ်ယူစုဆောင်းခြင်းများ မလုပ်ကြရန်နှင့် လိုအပ်သည့်ပမာဏကိုသာ ဝယ်ကြရန် ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

ဆန်ကုန်သည်အသင်းများမှ ထုတ်ပြန်ထားသည့်ဈေးထက် မြေပြင်တွင် ဆန်ဈေးနှုန်းများ မြင့်တက်နေကြောင်း သိရသည်။ "ဆန်ဈေးတွေက တစ်ခါဝယ် တစ်ခါတက်နေတယ်။ မြေပြင်တကယ့်လက်တွေ့ ဝယ်စားနေရတာကတော့ တက်ဈေး တွေနဲ့ဝယ်နေရတယ်"ဟု စားသုံးသူတစ်ဦးကပြောသည်။

ထို့ပြင် ဆန်တင်ပို့သူများ အဆင်ပြေစေရန် ဆန်တင်ပို့သူနှင့် စက်သုံးဆီ/စားသုံးဆီ ပြန်လည်တင်သွင်းမည့် သူတို့ကို ချိတ်ဆက်ပေးနိုင်ရန် လုပ်ငန်းစဉ်များကို လုပ်ဆောင်သည့်အခါ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ရမည်ကိစ္စရပ်များကို ရှင်းလင်း ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းလမ်းညွှန် (system operating procedure) SOP ရေးဆွဲပြီးစီးထားကြောင်းလည်း သိရသည်။

**Source: AMIA**

**#Awba**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၅-၂-၂၀၂၄ မှ ၉-၂-၂၀၂၄) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃၅,၀၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃၇,၇၀,၀၀၀ နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကျပ် ၄၁,၉၇,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲFAQ/ RC(2024Crop) ကျပ် ၂,၀၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂,၄၅,၀၀၀ နှင့် ပဲစင်းငုံ

Red/RC (2024 Crop ) ကျပ် ၁,၅၂,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၅လုံး (တန်ချိန် ၁၃၂၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၁၁၅ လုံး (တန်ချိန် ၂၇၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၅လုံး (တန်ချိန် ၂၀၄၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop) ကွန်တိန်နာ ၁၁၀လုံး(တန်ချိန် ၂၆၄၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၂,၀၀၀၊ မြားနီ ကျပ် ၁၁,၅၀၀၊ ရှမ်းငရုတ်ရှည် ကျပ် ၉၀၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြားနီ ကျပ် ၅၀၀ ပန်းရဲငရုတ်(သစ်) AC ကျပ် ၅၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။ ကျန်ငရုတ်သီးမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၃၉၀၀(၇၈,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၄၅၀ (၆၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၄၃၀၀(၈၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၇၅၀ (၁၁,၂၅၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၄၀၀ (၈၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀၀(၄၅၀၀ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၄၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၉၀၀၊ မန်ကျည်းသီး ရမည်းသင်းဒါးဇင်း ကျပ် ၂၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများ ငြိမ်လျက်ရှိကြောင်း သိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၄၇၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၀၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၂၀၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၅၉၀၀၊ ကြံသကာ ကျပ် ၄၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၉၃၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒိုး) ကျပ် ၁၅၀၊ ကြံသကာ ကျပ် ၁၀၀၊ သကြား(ပြည်တွင်း) ကျပ် ၄၀ အသီးသီး ဈေးမြင့်တက်ခဲ့ပြီး ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၀၀ နှင့် ရေစကြိုထန်းလျက် (ချော) ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားမှာ ဈေးများငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၅-၂-၂၀၂၄ မှ ၉-၂-၂၀၂၄ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၀၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၁၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၂၇၀၀၊ မြစ်သားလတ်ကြီး ကျပ် ၂၆၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၅၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၁၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၆၅ စီး (၉,၉၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၅၀စီး (၉,၀၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၅ စီး (၉၀,၀၀၀ ပိဿာ)လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၈၂၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၅,၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၆,၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၆,၇၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၇,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၅၅၀၀ (၁,၆၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၃၀၀ (၁,၂၉,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၂၀၀ (၃၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## STOCK EXCHANGE (9.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 106,554 (Shares) | 298,881,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,600 | 135 | 1,167,900 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | -100 | -3.39% | 2,950 | 2,950 | 2,850 | 1,496 | 4,265,150 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 8,000 | 8,000 | 7,900 | 14 | 111,500 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 1,098 | 1,652,250 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 1 | 2,500 | 12,823,224 | 32,058 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,850 | 410 | 759,000 | 19,977,223 | 37,957 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,700 | 4,800 | 4,700 | 21 | 100,700 | 10,497,598 | 50,389 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 3,379 | 5,822,650 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 9th Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.77 | -2.69 | -0.73% | 367.46 | 367.46 | 362.70 | 6,554 | 13,881,650 | 8 | 688,022 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th Feb. 2024

| Trading Volume | Trading Value |
|---|---|
| 106,554 (Shares) | 298,881,650 (MMK) |

## Main Board

As of 1:00 pm, 9th Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 106,554 (Shares) | 298,881,650 (MMK) |

| MYANPIX | 364.77 ▼ 2.69 |
|---|---|
| Total Volume (shares) | 6,554 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,022 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 100 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |

TIR